[၅]'အသင် နတ်မင်း-နားထောင်လော့၊ ဘုရားသခင် နိဗ္ဗာန် ကြွသည်မှ အနှစ်တထောင့်ခြောက်ရာသုံးဆယ်လွန်သော်၊မိဿူမည် သောရသေ့သည် အရိမဒ္ဒနပူရ်မြို့၌ ဗြိတြိဘုဝနာဒိတျဓမ္မရာဇ မည် သောမင်း တပါးဖြစ်လတ္တံ့။ ဘုရားသခင်၏ သာသနာကို ထိုဗြိတြိ ဘုဝနာဒိတျဓမ္မရာဇမင်းသည် ချီပင့်လတ္တံ့။[၁၀]ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇမင်း၏ ကျော်စောခြင်းသည် ဇမ္ဗူဒိပ်အဝှန်း တခါတည်း နှံ့ ပြားလတ္တံ့။ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏မာကျောခြင်းသည်သံ နှင့်တူ၏။ကောင်းသော သီလဝမ္မတို့ကို ဗြိတြိဘုဝနာဒိတျဓမ္မရာဇ မင်းသည်ဆောက်တည်လတ္တံ့။ အနံ့အစေ်နှင့်တူသောအကျင့်သိုး အားလုံးတို့ကို အမွေး အကြိုင်နှင့် တူသော အကျင့်ကောင်းဖြင့် ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းသည်[၁၅]ဖျက်ဆီးပစ်လတ္တံ့။ မစင် ကြယ်သော'ကိုယ်၏ဒုစ္စရိုက်၊ နှုတ်၏ဒုစ္စရိုက်၊ စိတ်၏ဒုစ္စရိုက်အလုံး တို့ကို ရေနှင့်တူသောစင်ကြယ်သောသီလဖြင့် ဗြိတြိဘုဝနာဒိတျဓမ္မ ရာဇမင်းသည် ဆေးကြောပစ်လတ္တံ့။

'လူအပေါင်းတို့၏လက်အုပ်ချီခြင်းကို ခံယူကုန်သော၊[၁၈]ပိန် ဖြင့်ပြီးသော'နတ်တောင်ဝှေးကိုင်ကုန်သောနတ်တို့သည်၊ အသင်၏

---

[a] စင်ကြယ်ခြင်းလိုအပ်သော-ဟူ၍လည်းအနက်ပြန်နိုင်သည်။
[1] တမ္ဗူယ်

အမှုဆောင်များကဲ့သို့ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏ အမှုတို့ကို ဆောင်ရွက်ကြကုန်လတ္တံ့။ [၂၀] ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏ နိုင်ငံအဓွန်းသည် ဆူးငြောင့်နှင့် တူသော သူခိုးတို့မှ လွတ်ကင်းလတ္တံ့။[၁] ထူသော'တောနှင့်တူသော ရန်သူမှ လွတ်ကင်းလတ္တံ့။[၃] မဟာသမုဒ္ဒြာ ကဲ့သို့ ကျယ်လတ္တံ့။ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏ အလိုဆန္ဒတို့သည် အလျှင်အမြန်ပြည့်ကုန်လတ္တံ့။[၄] [၂၄]အရိမဒ္ဒနပူရ်မြို့ကို ရန်သူနှိပ်စက်သောအခါ၊ ထိုမြို့သည်[၅] (ရန်သူကို) ဖျက်ဆီးလတ္တံ့။[၆] အရိမဒ္ဒနပူရ်မြို့၌နေကုန်သော၊ ရေစုန်တွင် အဖမ်းခံရကုန်သော၊ အခြားဒေသသို့သွားကုန်သော[၇]၊ အမျိုးလေးပါးတို့သည် ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇမင်း၏တန်ခိုးခွန်အား ဗိရိယာဖြင့် အလျှင်အမြန် ရေဆန် ပြန်တက် ကြလတ္တံ့။ သူတို့သည် အရိမဒ္ဒနပူရ် မြို့၌

---

[၁] ဝေလ်-လေးနက်သော စကားလုံးဖြစ်ဟန်တူ၏။

[၂] သုံတုံ-ညှို့မ်၊ သုံ တုံ-ဟုဖတ်လျှင်'အားလုံးသော'(ရန်သူ)ဟု အနက်ထွက်၏။

[၃] နိုင်ငံအဓွန်းတွင် ဆူးငြောင့်နှင့်တူသော သူခိုးများ လုံးဝမရှိကြလတ္တံ့။ ထူသောတောနှင့် တူသော ရန်သူများ ကင်းမဲ့ကြလတ္တံ့-ဟူ၍လည်း အနက်ပြန်နိုင်ရာသည်။

[၄] နိုင်ငံသည်(ဒွေး)မင်း၏အလိုကို အမြန်ဖြည့်လတ္တံ့၊ သို့မဟုတ် မင်းသည်(ဒွေး)မိမိ၏အလိုကိုအမြန်ဖြည့်လတ္တံ့-ဟူ၍လည်း အနက်ပြန်နိုင်ရာသည်။

[၅] ထိုမင်းသည်-ဟူ၍လည်းအနက်ပေးနိုင်ရာ၏။

[၆] သို့မဟုတ် 'နှိပ်စက်သောရန်သူ တို့သည်အရိမဒ္ဒနပူရ် မြို့ကို ဖျက်ဆီးသောအခါ' ဟူ၍ နောက်ဝါကျနှင့်ဆက်ဖတ်။

[၇] သို့မဟုတ်'အခြားဒေသသို့သွားသော မြစ်ရေစုန်တွင် အဖမ်းခံရကုန်သော'





ပျော်မွေ့ကြကုန်လတ္တံ့။ ချစ်[၁]သူအပေါင်းမှ ကွဲကွာ ကုန်သော သူတို့၏[၂]မျက်ရည်ကို[၃၀]အကျိုးစီးပွါးထွက်မြောက်ခြင်းဖြင့်၊ လက်နှင့်တူသော မေတ္တာစိတ်ဖြင့် ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇ မင်းသည် သုတ်ပစ်လတ္တံ့။ စိတ်နှလုံးပူဆွေးသူတို့၏ နှပ်ရည်ကို အကျိုးစီးပွါး ထွက်မြောက်ခြင်းဖြင့် ရေနှင့် တူသောကရုဏာဖြင့် ဆေးကြောပစ်လတ္တံ့။နတ်မင်း ဗြိတြိဘုဝနာဒိတျဓမ္မရာဇ မင်းသည်-လက်ျာလက်ဖြင့်ပြည်သူအပေါင်းအားထမင်းမုန့်ပေးလတ္တံ့၊လက်ဝဲလက်ဖြင့်လူအပေါင်းအား ပုဆိုးဥစ္စာ အဝတ်ပုဆိုးပေးလတ္တံ့။ [၃၆] ပြည်သူအပေါင်းသည် အမိရင်ခွင်၌ သားငယ်ကဲ့သို့ (ရှိကြလတ္တံ့။) ဤသို့ ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇ မင်းသည် အကျိုးစီးပွါးဖြင့် စောင့်ထိန်းလတ္တံ့။

'ကြမ်းတန်းသော[၃]' သူအားလုံးတို့ကို ဗြိတြိဘုဝနာဒိတျဓမ္မရာဇ မင်းသည် နူးညံ့[၄]စေလတ္တံ့။ ကိုယ်၌ နှုတ်၌ စိတ်၌ မတူသော[၅] သူတို့ကို ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇမင်းသည် တူအောင် ပြုလုပ်လတ္တံ့။ အမှုအလုံးစုံလုပ်သော သခင်မှန်းမသိသော[၆] ကျွန်ယောကျ်ားတို့ကို ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် သခင်တို့အား ပြောကြားလတ္တံ့။ [၄၃] သိလရှိသော၊တရား၏ရထားထိန်းဖြစ်သော သခင် မဟာထေရ် တပါးကို ဗြိတြိ ဘုဝနာ ဒိတျ ဓမ္မရာဇ မင်းသည်

---

[၁] ရုံလောသ်၊ (ဂ)၃၆(ဆ)၄၁ ရှု၊ ခြွေသ် (ဂ)၃၃ (ဃ)၂၀ နှင့်နှိုင်းရှည့်၊ 'အားကိုးရသောမိတ်ဆွေ' (ဤကိုဒင်)

[၂] သို့မဟုတ် 'အားကိုးရသူတို့မှ ကွဲကွာကုန်သောသူအပေါင်းတို့၏'

[၃] မွှူး- အနက်မသေချာ။ [၄]လုဏ္ဍာန် - အနက်မသေချာ။ ရှိုန်- နှိုင်းရှည့်၊

[၅] သို့မဟုတ် 'မညီညွတ်သော'

[၆] 'သခင်မသိသော အမှုအလုံးစုံလုပ်သော'(ဤကိုဒင်)

လက်ျာထား၍ ဆရာတော်ခန့်အပ်လတ္တံ့။ ဘီလရှိသော၊ တရား၏ ရထားဝင်နိုးလည်း ဖြစ်သောသခင် မဟာထေရ်၏ မျက်မှောက်တွင် 'သခင် နှင့် အတူ ငါ သည် ဘုရား သခင်၏ သာသနာ ကို ဆေး ကြော သုတ်သင် အံ့' [၄၇] ဤသို့ ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် မိန့်လတ္တံ့။ 'သင်တို့ ကောင်းမှု ပြုကြလော့၊ သင်တို့ ကောင်းမှု ပြုကြလော့' ဤသို့ ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် အခါခပ်သိမ်း ပြည်သူအပေါင်းတို့အား သွန်သင်လတ္တံ့။ [၅၀] မကောင်းကြံသူတို့ကို ကောင်းသော အကြံဖြင့် ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် စိတ်နှလုံး နူးညံ့စေလတ္တံ့။ အခိုးပြောဆိုသူတို့ကို ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် အကောင်းပြောဆိုရန် တိုက်တွန်းလတ္တံ့။ ရွှေဖြင့်ပြီးသော၊ ရတနာဖြင့်မွမ်းမံအပ်သော ကောင်းကင်ဘုံတံခါး ကျည်ကို လက်နှင့်တူသော ပညာဖြင့် ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းသည်



(ဂ)

(ပြည်သူအပေါင်းတို့အား) ဖွင့်ပေးလတ္တံ့။...........

'ၐြီတြိဘုဝနာဒိတျ ဓမ္မရာဇမင်းသည်...... မဟာအဝိစိနှင့်မိး...........

[၄] (အရိမဒ္ဒနပူရ်မြို့၌နေ) သောသူအပေါင်းတို့၏ ပူဇော်သက္ကာကို ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် ထောက်ခံလတ္တံ့။...........

[၆] ရတနာကွင်းသော ရွှေမှန်၏အသွင်ကဲ့သို့ ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် ထွန်းတောက်လတ္တံ့။ စမ္ပါယ်ပန်း၏ အမွှေးကဲ့သို့ အမွှေးရှိကုန်သော၊ အလွန်သာမည်သော ဂုဏ်မင်း၏ ကြခင်ဘက်၏ ခမ်းနားခြင်းနှင့် တူသော ခမ်းနားခြင်းရှိကုန်သော မင်းများ၏သွီးပျိုတို့သည်[၁] ခစားကြကုန်လတ္တံ့။ တမျိုးမက ရတနာဖြင့် ဆင်ယင်အပ်ကုန်သော၊ ထိးဖြူဆောင်းကုန်သော ချနစ်ပြည်ကမင်းများ၏ သွီးပျိုတို့သည် ခစားလာကြကုန်လတ္တံ့။ ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းသည်၊ ရွှေဖြင့်ပြီးသော၊ ရတနာဖြင့်မွမ်းမံအပ်သော ပလ္လင်၌ ထိုင်ကာ နန်းစည်းစိမ်ကိုခံစားလတ္တံ့။ ချနစ်ပြည်မှ ရောက်လာကုန်သော မင်းများ၏သွီးပျိုတို့အား ကျက်သရေရှိသော အရိမဒ္ဒနပူရ်မြို့သည်၊ ကျော်စောခြင်းနှင့်ပြည့်စုံစေလတ္တံ့။

'နတ်မင်း–[၁၆] ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်း မင်းပြုသောအခါနိုင်ငံခြားစစ်တပ်ကြီးလာရောက်ခဲ့မှု[၂] အောင်ခြင်းနိမိတ်ကောင်း၊ နက္ခတ်ကောင်းသည် ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းရှေ့သို့[၃] ရောက်လာလတ္တံ့။ စစ်ဖြစ်သောအခါ ၐြီတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် တိဝ်အမျိုးအနွယ်မှဖြစ်သော မြင်း၏လျင်မြန်ခြင်းရှိသောမြင်းမြတ်ကို စီး၍ စစ်တိုက်ကာ တံ့သောနေ[၄] ကဲ့သို့တောက်ပလတ္တံ့။

---

[၁] မ။ ဤနေရာ၌ 'မ'ကို နာမ ဝိသေသနပုဒ်ရ ပစ္စည်းဟု ယူဆလျှင် ဝါကျ၌ အဆုံးသတ်ကြိယာမရှိတော့ချေ။ နောက်ဝါကျ၌လည်း ထိုနည်းအတူပင်။

[၂] ဂတ္တ=ခဲ့မှု။ [၃] တ–ဂတ=ကိုသို့။

[၄] မွန်းတည့်နေကိုဆိုလိုသည်။

'[၂၂] နတ်မင်း- ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း မင်းပြုသောအခါ ပြည်သူအပေါင်းတို့သည် တမျိုးမက ရတနာတို့ကို ဆင်ယင်ကြလတ္တံ့။ တမျိုးမကသော မကိုဋ် သရူယ်' ပုဆိုးတို့ကို သူတို့သည်ဝတ်ဆင်ကာလှည့်လည်သွားလာကြလတ္တံ့။ တမျိုးမကဆင်ရုပ်ခြင်္သေ့ရုပ်ကြောင်ပုမိည်'ရုပ်၊နဂါးရုပ်၊ ဂဠုန်ရုပ်အစရှိသောနားတောင်းတို့ကို သူတို့သည် ဆင်ယင်ကြလတ္တံ့။ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းသည်[၂၉]ဇမ္ဗူဒိပ်၌နေသော သူတို့အကျိုးချမ်းသာအလို့ ငါ်မီးအိမ်ကဲ့သို့ တောက်ပသော ရွှေကြုတ်၌ ဆင်းတုနှင့် ဘဏ္ဍာ ၃- မျိုးကို ဖွင့်ပေးလတ္တံ့။[၃] ထွန်းလင်းတောက်ပလတ္တံ့။

'နတ်မင်း - ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း မင်းပြုသောအခါ မိန်းမအပေါင်းတို့သည် သီလ၌တည်တံ့ကြလတ္တံ့။ တရားကိုချစ်ခင်ကြလတ္တံ့။ ကောင်းသောအကျင့်ရှိကြလတ္တံ့။ အိမ်ရှင်သံခင်တို့နောက်သို့လိုက်ကြလတ္တံ့။ သူတို့သည် ထိုသို့ဖြစ်ကြလတ္တံ့။ ပြည်သူအပေါင်းသည် အမိအဖ၏ အပြစ်ငင်း၊ တူယောက်ဖ၏အပြစ်ငင်း၊ လင်[၃၆]မယား၏အပြစ်ငင်း၊ မိတ်ကောင်းချစ်ဆွေ၏အပြစ်ငင်း၊ အချင်းချင်း၏အပြစ်ငင်း - သူတို့သည် ပေါ်ပြရှင်းလင်း၍ မဖုံးအုပ်ဘဲဆေးကြောခြင်း[၄] ကိုလိုအပ်ကြကုန်လတ္တံ့။ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းရဲရင့်သည်ကို ဇမ္ဗူဒိပ်အလုံးရှိရှိသူအပေါင်းသည် ဂုဏ်ဖြင့်[၅] ဝန်ခံကြလတ္တံ့။[၆] [၄၀] ဝေဇယန္တပြသာဒ်နှင့်တူသော၊ မွေ့လျော်ဘွယ်ကောင်းသော၊ အရိမဒ္ဒနပူရ်မြို့၏ ရတနာမကိုဋ်ဖြစ်သော ပြသာဒ်၌နန်းစည်းစိမ်ကိုအပြည့်ခံစားလတ္တံ့။

'[၄၂] အရိမဒ္ဒနပူရ်မြို့၌ နေကုန်သော မိန်းမအပေါင်းတို့သည်။ ဗြိတြိ ဘုဝနာ ဒိတျဓမ္မ ရာဇ မင်း၏ ရုပ်အဆင်း ခမ်းနား ပြည့်ဝ ခြင်းကို မြင်ရ၊ မြစ်ဆိပ် ကမ်း- လမ်းမ လမ်းဆုံ

[၁] အင်္ဂါ။ [၂] အနက်မထင်။

[၃] ဤဂါထာအနက်မသေချာ။

[၄] အွှား=ဗုအား=ဝိဖွား [၅] တြေဇသ်=ကြိဉ် [၆] စုံမတ်=စွတ်။



တို့၌ ရပ်ကာ "ဤသို့သော ခမ်းနား ပြည့်ဝ ခြင်းကို [၄၅] ရှေးကာလ၌ ကောင်းမှုပြုခဲ့သောကြောင့် သူရသတည်း" ဤသို့ သူတို့သည်ချီးမွမ်း၍ လှည့်လည်သွားလာကြလတ္တံ့။ ပြည်သူအပေါင်းသည် ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏ ဆုမ္မသွန်သင်ခြင်း၌တည်ကြလတ္တံ့။ [၄၈] ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် (မိမိနှင့်) ညီညွတ်မည့်သူတို့ကို ဆောက်တည်[၁] အံ့သောငှါ ပြည်သူအပေါင်းရှေ့၌ ရွှေမှန်ကဲ့သို့တောက်ပလတ္တံ့။ အရိမဒ္ဒနပူရ်မြို့ကို ပူလောင်သော သံချောင်း ၄ ချဖြင့် ရိုက်နှက်သကဲ့သို့ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် ခိုင်မာအောင်ပြုလတ္တံ့။ မင်းသားအပေါင်းတို့သည်......ပြည့်ဝခြင်းဖြင့် တင်းမာ၍ အရိမဒ္ဒနပူရ်မြို့၌ မွေ့လျော်ကြလတ္တံ့။ သီလနှင့် ပြည့်စုံသောရဟန်းအပေါင်းသည် နှိပ်စက်သောရန်သူတို့ ပျက်ဆီးသောအခါ'..................( ကျောင်း )မရှိခဲ့ရာ

( ဃ )

ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇမင်း၏ ဝိရိယကြောင့်၊ သူတို့သည် ကျောင်းသို့တဖန်ပြန်လာကြရလတ္တံ့။ သီလကိုဖြည့်ကြကုန်လတ္တံ့။ ပျက်စီးခဲ့သော နိုင်ငံရွာအလုံးတို့ကို ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် ယခင်ထက်ကောင်းအောင် တည်ဆောက်လတ္တံ့။ [၆]အရိမဒ္ဒနပူရ်မြို့သည် ရိက္ခာပေါများ၍ ဘေးအန္တရာယ်မှ ကင်းလတ္တံ့။ အရိမဒ္ဒနပူရ်မြို့၌ နေကုန်သောလူအပေါင်းတို့သည်၊ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းနှင့်တကွ တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ထွန်းတောက်ကြလတ္တံ့။ သူတို့သည် အကုသလကမ္မပထဆယ်ပါးကို ရှောင်ကြဉ်

[၁] ဋ္ဌက်ဒင်က 'သ္သက်' 'သ္ဆက်' ဟုဖတ်၍ 'မိမိနှင့်ညီညွတ်မည့်သူတို့ကို ဆွဲအုံ့သောငှါ' ဟုအနက်ပေး၏။

[၂] (ခ) ၂၄ ၅

ကြလတ္တံ့။ ကုသလကမ္မပထဆယ်ပါးကိုဖြည့်ကြလတ္တံ့။ လူအပေါင်းတို့သည် ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်း မင်းပြုသောအခါ နတ်ကဲ့သို့တန်ခိုးရှင့်ပါဒ်ကြီးကြလတ္တံ့။ ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်း၏နေရာဖြစ်သော အရိမဒ္ဒနပူရ်မြို့သည် [၁၅] ရတနာမြက်တို့ဖြင့် တောက်ပထွန်းလင်းလတ္တံ့။ ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်းသည် သဗ္ဗညုတဉာဏ်ကိုလို၍ ဆုတောင်းလတ္တံ့။

'အရိမဒ္ဒနပူရ်မြို့၌ နေသော သူအပေါင်းတို့သည် ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်းနှင့်တကွ ရတနာမြက်တို့၌ မွေ့လျော်ကြလတ္တံ့။' ဘုရားသခင်၊ တရားကောင်းနှင့် သခင်သင်္ဃာတို့အားပူဇော်ရှိသေချစ်ခင်ကြလတ္တံ့။ ရတနာမြက်တို့ကို ရိုသေကုန်သော၊ တရားကောင်း၌ စိတ်အားထက်သန်ကုန်သောသူတို့သည် နတ်အပေါင်းနှင့် ဟာရတဝေးတည်းပြောဆိုဆက်ဆံကြရလတ္တံ့။ နတ်အပေါင်းတို့သည် လူတို့နှင့် ပြောဆိုဆက်ဆံကြလတ္တံ့။ နတ်အပေါင်းသည် လူတို့နှင့်ပေါင်း၍ သူတို့သည် ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်း၏ အအမှုတို့ကို ဆောင်ရွက်ကြကုန်လတ္တံ့။ ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်း မင်းပြုသောအခါ ကျက်သရေရှိခြင်း၊ သိုက်မြိုက်ခြင်း၏ အစမူလဖြစ်သော အရိမဒ္ဒနပူရ်မြို့သည် [၃၀] အလွန်တည်တံ့လတ္တံ့။ တယောက်မကျန်ရန်သူအပေါင်းတို့သည်ယင်းကိုမလှုပ်နိုင်ကြလတ္တံ့။ အရိမဒ္ဒနပူရ်မြို့၌ နေသော အမျိုး ၄-ပါးတို့သည် ကောင်းစွာ[၂] ကျင့်ကုန်လတ္တံ့။ ဘုရားသခင် တရားသင်္ဃာတို့၏ တပည့်များဖြစ်ကြလတ္တံ့။

'ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်းသည် ထိုဘဝမှ ကွယ်လွန်လတ္တံ့။ နတ်တို့လူတို့၏ ကြီးသော စီးပွားချမ်းသာခမ်းနားခြင်းတို့ကို ခံစားလတ္တံ့။ အဆုံးဘဝ၌ အပါယ် ၄-ပါးကျသောသတ္တဝါအပေါင်းကို

[၁] ဩဇူင်ထိစ်=သဏ္ဍုင်သို့ုက်။
[၂] ထေစ်=ထေက်၊ ဇွက်ဒင်က 'ဖြောင့်မတ်ခြင်းကို' ဟုအနက်ပေး၍။



အပါယ် ၄-ပါးမှ ကယ်ဆယ်လတ္တံ့။ အကွယ်အကာ ခိုလှုံရာမဲ့သော မဟာသဒြာနှင့်တူသောသံသရာ၌ နစ်မွန်းကုန်သောနတ်တို့နှင့်အတူတကွ လောကတရုလုံးကို သဘော်ကြီးနှင့်တူသော တရားကောင်း၌ဘင်ကာ မွန်မြတ်သော နိဗ္ဗာန်ဆိပ်ကမ်းသို့ ပို့ဆောင်လတ္တံ့။

'[၄၂] နတ်မင်း-ထိုသို့လနှင့်တူသော ဘုရားသခင်သည်၊ ဘုန်းနှင့်ပြည့်ဝသော ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်းကို ဗျာဒိတ်ပြု၏။ နတ်မင်း-အခြားမိန့်ခွန်းကို နားထောင်ဦးလော့။ ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်း မင်းပြုသောအခါမှု၊ ဝါးမျှစ်၊ ပန်း၊ သစ်သီးအပေါင်းတို့သည် အလွန်ပေါများကြလတ္တံ့။ ထမင်းအဝတ်ပုဆိုးတို့ကို ရခဲသောသူ ဆင်းရဲတို့သည်၊ ငွေဘန်ဆာပုဆိုးချောတို့ကို ဝတ်ဆင်ကြ၍ အပြည့်အစုံ[၁] စံစားကြလတ္တံ့။ လက်သည်းဖြင့် မုံ့စားသင်နေ[၂] သော ကလေးများသည် [၅၀] လူကြီးများကဲ့သို့ စိတ်ကောင်းထားကြလတ္တံ့။ ဥတုခပ်သိမ်းအချိန်မကုန်လွန်စေဘဲ၊ သူတို့သည်[၃] ၎င်း၊ ပြည်နယ်က မင်းသားအပေါင်းတို့သည်၎င်း၊ တမျိုးမကသောလက်ဆောင်ပဏ္ဏာတို့ကို ယူဆောင်လာကြလတ္တံ့[၄]။ ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်း၏ နိုင်ငံအဝှန်း၌ အကြိမ်တရာနှစ်ဆယ် မိုးရွာ

( င )

လတ္တံ့။ အခါခပ်သိမ်းစပါး (နှံ) ပြည့်ဝလတ္တံ့။ ဗြိတြိဘုဝနာဒိတျခမ္မရာဇမင်း၏ နိုင်ငံ၌ – အိုနတ်မင်း - ဆင် မြင်း ကျွဲ နွား ဝက်ဆိတ်ကြက်ပေါများကြလတ္တံ့။ မင်းသား၊ လူကြီး လူကောင်းသားအပေါင်းတို့၏ ကစားစရာတို့သည်၊ ရွှေငွေတို့သာတည်း။ တံခါး၏ လုံခြုံမှုကို လွန်စွာ (လိုလား) သော လူအပေါင်းတို့သည်..........

[၁] စွက်=စုံနှက် ။ [၂] စွတ်
[၃] အရိမဒ္ဒနပူရ်မြို့သား။
[၄] ရင်တွုင် 'ကြိုဆိုသည်' ဟုဟာဏ္ဍဝဲလ်အဘိဓါန်၌လာ၏။

4

ယာဉ်ကောင်တာ 'ခါး' ကိုလုပ်ကြလတ္တံ့။ အိမ်ခေါင်ချုပ်တို့ကို သူတို့သည် ကြေး ဝါဖြင့်သာ မိုးကြလတ္တံ့။ ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇမင်းသည် သူတို့အားလုံးကို ကြွယ်ဝချမ်းသာစေလတ္တံ့။

'[၉] အရိယာသာသနာ့ဘိဓာန်ဆင့်တို့သည် ပန်းနှင့်တူသော တရားကို သွန်းလောင်း[3]ချကုန်လတ္တံ့။ အမွေး အကြိုင်နှင့်တူသော သီလဖြင့် မွှေးကြိုင်စေကြလတ္တံ့။ နတ်မင်း-နေ့တိုင်းဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် ပြည်သူ အပေါင်းအားဆုမွန်သင်သော အခါ ပြည်သူအပေါင်းတို့ပြုသောကောင်းချီးပေးသံ၊ ချီးမွမ်းသံ၊ သာဓုခေါ်သံတို့သည်၊ သန်ကောင်အချိန် မိုးကြိုးအသံနှင့်တူကြ၏။ [၁၅] ပြည်သူအပေါင်းတို့သည် ကောင်းမှုကိုဆင်ယင်ကြလတ္တံ့။ ကောင်းမှု၏တန်ဆာနှင့်တူသော မိုးသူတော်[1]တို့သည်၊ တရားကောင်း၌ မွေ့လျော်ကြလတ္တံ့။ ဆွေမျိုး[2] နည်းသောသူအပေါင်းသည် ဆွေမျိုးပေါများကြလတ္တံ့။ ပျင်းရိသူအပေါင်းတို့သည်ကြိုးစား အား ထုတ်ကြလတ္တံ့[4]။ ပိန်ကြုံသောသူတို့သည် ဝဖြိုးကြလတ္တံ့။ ခွန်အားစွမ်းအင်မဲ့သောသူ အပေါင်းသည် ခွန်အားစွမ်းအင်ရှိကြလတ္တံ့။

'[၂၀] လယ်ထွန် စိုက် ပျိုး ခြင်း၌ ထူးချွန်သူ အပေါင်းသည် စည့်ကျ[ိ]တို့ကိုတမျိုးမကသော စပါးပြောင်းတို့နှင့်ဖြည့်ကြလတ္တံ့။ သူတို့၏ အိမ်အားလုံးသည် ရတနာတို့ဖြင့် ကြွယ်ဝကြလတ္တံ့။ အိုးစလောင်းတို့ကိုရှောင်းသော ဆင်းရဲသူမိန်းမအိုအပေါင်းတို့သည်အမိုးများများရသဖြင့် သူတို့သည် ကြွယ်ဝကြလတ္တံ့။ ကျွန်မဲ့သောသူတို့သည် ကျွန်ကိုရကြလတ္တံ့။ နွားမဲ့သောသူတို့သည် နွားကိုရ

[1] သူ့ရှေး။ [2] လုံ့ခာစ်=လမာတ်

[3] ဒွာတ် = ဒညာတ်။ အကယ်၍-ဍွာတ်-ဟုဖတ်လျှင် 'ဝတ်စားတန်ဆာ' အနက်ရ၏ (ပ္ဍ)

[4] ဍိုရ်ဝောဇ်



ကြလတ္တံ့။ [၂၅] တရားအစဉ်အလာကို အမျိုးလေးပါးတို့သည် ကောင်းစွာစောင့်ကြလတ္တံ့။ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏ နိုင်ငံတွင်နေသောသူအပေါင်းတို့သည်ဘေးကင်းကြလတ္တံ့။ အန္တရာယ်ကင်းကြလတ္တံ့။ အရိမဒ္ဒနပူရ် မြို့သူမြို့သား အပေါင်းနှင့် ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းတို့သည် အသက်ရှည်ကြကုန်လတ္တံ့။

'[၂၉] အကောင်းအဆိုး၏ အကျိုးအပြစ်ကို မြင်သော ရဟန်းနှင့် ပညာရှိအပေါင်းတို့သည် ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇမင်း၏ မျက်စိနှစ်လုံးနှင့်တူကြလတ္တံ့။' အမျိုးကောင်းသော လူအပေါင်းတို့သည် ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇမင်းကို ခစားကြလတ္တံ့။' [၃၃]တဘောင်မကသော သူ့ရဲအသီးအသီးသည်- လူဆိုးအပေါင်းဖျက်ဆီးသည့် ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏ နိုင်ငံဇနပုဒ်ဖြစ်စေ၊ အခြားမင်း၏ မြို့နိုင်ငံဖြစ်စေ မိမိတို့လက်တွင်းသို့ရောက်စေ၍ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းအားအပ်နှင်းကြလတ္တံ့။ [၃၇] ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းသည် ရှေးမင်းအပေါင်းတို့၏ အစဉ်အလာကို တည်တံ့စေလတ္တံ့။ ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏ နှုတ်မှတရားနှင့်ညီသောအမိန့်တို့သာ ထွက်လတ္တံ့။' လူတို့အားဆင်းရဲဒုက္ခပြုခဲ့သောသူအပေါင်းတို့သည် သီလ၌တည်ကြလတ္တံ့။ စကားပြောကောင်းခြင်း[1]ဟူသောပညာသည် ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏ နှုတ်၌ အခါခပ်သိမ်း တည်နေလတ္တံ့။ နတ်မင်း - ကျက်သရေနှင့်

(ခ)

သိုက်မြိုက်ခြင်းပြည့်ဝသော အရိမဒ္ဒနပူရ်မြို့၌ နှိပ်စက်ခြင်းကြောက်ရွံ့ခြင်းမှဝေးသော အုပ်စိုးခြင်း[2]ကို ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်းသည်သင်ကြားလတ္တံ့။ နတ်မင်း-ထို့သို့ (ဖြစ်လတ္တံ့။) ဗြိတြိဘုဝနာဒိတျဓမ္မရာဇမင်း၏ အမှုအလုံး၌ သင်နှုံးထကြွစေရန် ငါသည်

[၂၀] ဤနေရာ၌ 'မ' အကြောင်းကို (ဂ) မှတ်ချက်-၁-မှာရှု။ သရသွတိ

[2] ကိမုန်ဒိလာင် လုံပော်ာက် - အနက်မထင်

သင့်အားပြောနေ၏။[၁] သတိရလော့-မမေ့ပါနှင့်၊ နတ်မင်း-ဗြိတိသျှဝနာဒိတျ ဓမ္မရာဇမင်းနှင့် ပရိသတ်ရှေ့တွင် ချစ်ခြင်း မေတ္တာဆောက်တည်လော့၊ လာမည့်ကာလမှာ လွန်ခဲ့သောကာလမှာကဲ့သို့ ထပ်တူပြုလော့၊ နတ်မင်း-ကတကမ္ဘ နဂါးမင်းကိုခေါ်၍ ဤသို့မိန့်လော့၊ "ပိရိယကြီးသော၊ တန်ခိုးရှုဒ္ဓိပါဒ် တန်ခိုးအာနုဘော်ကြီးသော၊ ကျက်သရေတိုက် ဘဏ္ဍာသခင် - ဒိုနဂါးမင်း-ဘုရားသခင်၏ သာသနာကို အသစ်တည်ထောင်ရန်အလို့ငှါ [၁၃] သခင်ဂဝံပတိမိန့်ခွန်းအတိုင်းပြုလော့၊ ဒိသီတ်မြို့သည်အနှစ်တထောင်နှစ်ရာတည်စေသတည်း၊ ထိုနောက် ဗြိတိသျှဝနာဒိတျ ဓမ္မရာဇမင်းသည်တက္ကဒေသ၌ မင်းပြုသောအခါ - ဗြိတိသျှဝနာဒိတျဓမ္မရာဇမင်း၏ နိုင်ငံအလုံးကို အပြောက်ထွက်သော 'သစ်ပင်နှင့်တူသော အေးချမ်းခြင်းဝင်းခြံ[၃] အတွင်းဝဝပြိုးပြိုးရှိစေလော့။'"

[၁၄]သခင်ဂဝံပတိသည်ရှုန်မင်းအားထိုသို့ပြော၏။ ထိုအခါရှုန်မင်းကဤသို့မိန့်၏၊ 'ဗြိတိသျှဝနာဒိတျ ဓမ္မရာဇမင်း၏ နေပြည်တော်ဖြစ်သော တက္ကဒေသ၌ စောင့်ရှောက်မည့်သူကား အကျွန်ုပ်တည်း[၄]။ လာမည့်ရန်သူအလုံးကို ငါသည်လျှင် မောင်းနှင်ပစ်ပေအံ့။ ထိုမြို့၏ ကျော်စောခြင်းသည် ပြတ်စဲသွားမူ၊ ငါသည်လျှင် တဖန်ထင်ရှားစေအံ့။ [၂၅] ဗြိတိသျှဝနာဒိတျဓမ္မရာဇမင်း၏ အမှုအားလုံးတွင် ငါသည်လျှင် အခါခပ်သိမ်းလုံ့လထုတ်အံ့။ တရား၌ တည်သော ဗြိတိသျှဝနာဒိတျဓမ္မရာဇမင်း၏ တိုးတက်ရေးအတွက် ငါဆုပေးအံ့။' ထိုသို့ ရှုန်မင်းကလက်ခံပြီးနောက်၊ သခင်ဂဝံပတိသည်

[၁] ပြနင် - အနက်မထင်

[၂] လုံစရ် = လမောင်။ အကယ်၍ 'လမင်' ဖြစ်ခဲ့လျှင် 'ရွှက်နုံထွက်သော' ဟုအနက်ရ၏။

[၃] တုံပိင်=တံတိုင်း၊ ကြွင်

[၄] လွှာစ်=အနက်မထင်



ရှု့ပြည်သို့ တဖန်ဆင်းလာ၍ ဗိသ္နုမည်သောရသေ့ ထံသွားပြီးလျှင် သခင်ဗိသ္နုရသေ့ကိုမြင့်သော နေရာ၌ တင်၍ ဤသို့မိန့်၏။ 'အသင်သည် ငါနှင့် ရှုန်မင်းနှင့် ကတကမ္ဘ နဂါးမင်းနှင့် ဗိသုကမ္မနတ်သားနှင့်အတူ သိသီတ်မည် သော မြို့ကိုတည်လတ္တံ့။ ထိုနောက်တက္ကဒေသတွင် အရိမဒ္ဒနပူရမြို့၌ သခင်သည် ဗြိတိသျှဝနာဒိတျဓမ္မရာဇမင်းဖြစ်ပြီးလျှင် ဘုရားသခင် သာသနာကို ချီပင့်လတ္တံ့။ ထိုသို့ဘုရားသခင်သည် သခင်ကို ဗျာဒိတ်ပြုတော်မူ၏။ ထို့ကြောင့် ငါသည် သခင်အား အသနားခံ၏။ သခင်သည် ငါ၏ အသနားခံချက် ကို လက်ခံလော့။ အခြားစိတ်မရှိပါနှင့်။ [၃၉]သခင်ပြုသင့်သောအမှုကြီး တခုရှိ၏၊ သခင်၏ဆန္ဒသည်ကြီးသောဆန္ဒဖြစ်၏။ ဘုရားဖြစ်အံ့သော ငှါ သခင်ဆောက်တည်လော့။ သတ္တဝါအပေါင်းသည်သခင်၏ ဘုန်းအရိပ်တွင် ခိုကြလိမ့်မည်။ သူတို့သည် သဃ်ာတို့၏ အလိုအားလုံး ကို ဖြည့်ကုန်လတ္တံ့။ ထို့ကြောင့်သခင်ရသေ့ကြီး။

(ဆ)

'တဂိယဘဝ၌ သခင်သည် နန်းစည်းစိမ်ခံစားလော့။ သခင်-နန်းစည်းစိမ်ကိုမစက်ဆုပ်ပါနှင့်။ နောင်တတိယဘဝ၌သခင်သည်တရားမင်းဖြစ်လတ္တံ့။ သခင်သည်တရားမင်းဖြစ်သောအခါ၊ သခင့်ကျက်သရေသည်အလွန်ကြီးလတ္တံ့။ သခင်မျက်နှာမူသောအရပ်၌ ရန်သူအပေါင်းတို့သည် တပေါက်မကျန်နေနိုင်ကြမည်မဟုတ်။ သခင်သည်သရဒကာလ၌ နေကဲ့သို့ထွန်းတောက်လတ္တံ့။ သခင်မင်း ပြုသောအခါဤမြေကြီး၌ ခမ်းနားသိုက်မြိုက်ခြင်းသည် ကောင်းကင်ဘုံ၏ ခမ်းနားသိုက်မြိုက်ခြင်းနှင့်တူလတ္တံ့။ ယောကျ်ား မိန်းမကလေးအပေါင်းတို့သည် [၁၀] အသက်ရှည်ကြ၍ ဖျားနာခြင်း လုံးဝ ကင်းမဲ့ကြလတ္တံ့။ ပြည်သူအပေါင်းတို့ သည် ဘေး ကင်း ကြ လတ္တံ့။ အနန္တရာယ်ကင်းကြလတ္တံ့။ သူတို့သည် အစာများစွာ စားကြလတ္တံ့။ သူတို့သည်ချမ်းသာ ခံစားကြလတ္တံ့။ သခင့်နိုင်ငံတွင် မိုးအကြိမ်

တရောနှစ်ဆယ်ရှာလတ္တံ့။ ဤမြေကြီး၏ အရသာအားလုံးသည် ထွက်ကြလတ္တံ့။ ကျီစည့်အပေါင်းတို့သည် ပစ္စည်းအပေါင်းတို့နှင့် ပြည့်ကြလတ္တံ့။ သခင့်နိုင်ငံ၌ အယုမှားသောသူအပေါင်းသည် လုံးဝအယူမှန်ကြလတ္တံ့။ ဘုန်းကြီးအပေါင်းသည် သီလနှင့် ကောင်းသောအကျင့်နှင့် ပြည့်ကြလတ္တံ့။ ဗေဒသိသော ပုဏ္ဏား အပေါင်းသည် ပုဏ္ဏားတရားကိုပြည့်ကြလတ္တံ့။

[၁၉] မင်းသားအပေါင်းတို့သည် တရားကျင့်ကြလတ္တံ့။ အမျိုး ၄ - ပါးတို့လည်း တရားစောင့်ကြလတ္တံ့။ နေရာအလုံး၌ အမှန်ပြောပြောခြင်း၏သဘောသည်ထင်ရှားလတ္တံ့။ သခင်ရသေ့-အမှန်ပြောပြောခြင်းသဘောကို ကျက်သရေရှိသော ခေါင်းဆောင်[၁] ဟိတ္တိုထိုက်ဌက်ဆင်နှင့်တူသော တရားမင်းသည်လာ၍ ထင်ရှားစေလတ္တံ့။'

ထိုအခါ ဗိသ္နုမည်သော ရသေ့သည် စိတ်အားထက်သန်စွာ သခင်ဂဝံပတိထေရ်၏ မိန့်ခွန်းကိုခံယူ၍ (ဆို၏) 'ကောင်း၏ သခင်-နောင်အခါ - တတ္တဒေသတွင် ငါကားအရိမဒ္ဒနပုရ်မြို့၌ ဓိတြိဘုဝနာဒိတျဓမ္မရာဇမည်သောမင်းဖြစ်အံ့။.........တို့၏ ခြေလက်တို့ကိုငါထောက်ပံ့အံ့။..........ဘုရားသခင်၏ သာသနာကိုလည်းငါချီပင့်အံ့၊ ပြည်သူအပေါင်းတို့ကို ငါသည် သီလစောင့်ရန်တိုက်တွန်းအံ့၊ တရားကျင့်ရန်တိုက်တွန်းအံ့။ အကျင့်ဆိုးကို ကျင့်သော မိန်းမတို့ကို [၃၁]အကျင့်ကောင်းကို ကျင့်ရန်ငါတိုက်တွန်းအံ့။ ပျက်စီးသော နိုင်ငံရွာမြို့ငယ်များ၏ အကြီးအကဲ[၂] တို့ကိုငါသည်လျှင် ထင်ပေါ်စေအံ့။ ကောင်းသော သီလတရားတို့ကို ဆောက်တည်ရန်ငါတိုက်တွန်းအံ့၊ ငါသည် ပြည်သူအပေါင်းတို့၏ ခေါင်းဆောင်[၁]

---

[၁] တုံဗင်။

[၂] ဒုကုပ်=ဒကိုပ်



ဥသဘ၊ မိုးအိမ်[၁] ဖြစ်၏'။ သခင်ရသေ့သည် ထိုသို့မိန့်ဆိုပြီးလျှင် သခင်ဂဝံပတိထေရ်သည် သခင်ရသေ့ကြီး ဗိသ္နုအား နှစ်သက်၍ ' ဘုရားသခင်၏ ဗျာဒိတ်အလုံးကို သခင်ဂဝံပတိသည် ရှင်းပြပြီးနောက် ပြည်သူအပေါင်း -နိဗ္ဗာန်ကောင်းကင်ဘုံသို့ ရောက်စေအံ့သော၌ သခင်သည်ထွက်ကြွလေ၏။

ထိုနောက် ရှာန်မင်းသည် တာဝတိံသာမှဆင်းသက်၍ သခင်ဗိသ္နုရသေ့ထံသွား၍ ဤသို့ဆို၏ 'တန်ခိုးဣဒ္ဓိပါဒ်ကြီးသော တန်ခိုးအာနုဘော်ကြီးသော၊ ချစ်သူရန်သူအားလုံးတို့အား မေတ္တာစိတ်အမျှထားသော သခင်ရသေ့ - သခင်နှင့် သခင်ဂဝံပတိနှင့် ငါနှင့်ဗိသ္နုကမ္မနှင့်ကတကမ္မနဂါးမင်းတို့သည်

(၈)

'ဿိသိတ်မြို့ကိုတည်ထောင်ကြလတ္တံ့။ သခင်သည် ဿိသိတ်မြို့ကိုတည်ထောင်ပြီးနောက် ထိုမှကွယ်လွန်ပြီးလျှင် တတ္တဒေသတွင် အရိမဒ္ဒန ပုရ်မြို့၌ ဓိတြိဘုဝနာဒိတျ ဓမ္မရာဇ မည်သောမင်းဖြစ်၍ ဘုရားသခင် သာသနာကို ချီပင့်လတ္တံ့။ တိမ်မြုပ်နေသောတရားကို ထင်ရှားစေလတ္တံ့။ သခင်၏အမှုအလုံးကို ဆောင်ရွက်အံ့သော၌ အထက်ကောင်းကင်ဘုံ၌ ပိန်လက်နက် ကိုင်သော၍ငါ ရှာန်မင်းသည် ရှိ၏။ အောက်ဗ္ဗကား တန်ခိုးဣဒ္ဓိပါဒ် တန်ခိုးအာနုဘော်

---

[၁] တုံဗင်။

[၁] မှါင်။အကယ်၍ 'နှါင်' သည် စားကျက်မြေဟူသော 'ပဏာင်' ဖြစ်လျှင်၊ ဤအပိုဒ်သည် 'ပြည်သူအပေါင်း၏ စားကျက်မြေတွင် ခေါင်းဆောင်ဥသဘဖြစ်၏' ဟုအနက်ထွက်ရာ၏။

[၂] သို့မဟုတ် 'သခင်ဂဝံပတိထေရ်နှင့် သခင်ရသေ့ကြီးဗိသ္နုတို့သည်နှစ်သက်ကြ၍'

ကြီးသော၊ အခွေတထောင်ရှိသော နဂါးမင်းသည်ရှိ၏။ အရပ် ၄-ပါး၌ လောကပါလမင်း-၄-ပါးတို့သည် အစောင့်အရှောက် ထားကြလတ္တံ့။ အမျိုး-၄-ပါးပရိသတ်အလုံးနှင့် သခင်ဂဝံပတိထေရ် စောင့်ရှောက်သောကြောင့်[၁] မလှုပ်နိုင်သောနေရာ၌ နေသောမင်းတို့သည် ဘေးကင်းကြလတ္တံ့။ ဗုက္ခကင်းကြလတ္တံ့။ သခင့်ရန်သူတို့သည် တယောက်မကျန်ဥာဏ်အလိမ္မာနှင့်လည်း[၂] ကင်းမဲ့ကြလတ္တံ့။

'သခင်-ထိုနောက်သခင်သည် ဗြိတြိဘုဝနာဒိတျ ဓမ္မရာဇမင်းဖြစ်သောအခါ ပညာရှိအပေါင်းသည် တည်တံ့သော ဒိုင်ခံ့သော[၃] နက်နဲသောအကြောင်းအရာတို့ကို စိစစ်ရန် တတ်စွမ်းနိုင်ကြလတ္တံ့။ သစ်ာတို့၏အလိုကို ကောင်းစွာဖြည့်ကြလတ္တံ့'။

[၁၁] ထိုအခါ ဗိသျှုမည်သောရသေ့ကြီးသည်ဘုန်မင်း၏ မိန့်ခွန်းကို ကြားပြီးသော်-နောင်အခါ ဘုရားသခင် သာသနာတိုးဘက်ခြင်းကို မြင်အံ့သော၄ါ (ဆို၏)၊ 'ကောင်းစွ၊ ကောင်းစွ၊ နတ်မင်း-သခင်ဂဝံပတိထေရ်သည် ငါ့အားဆိုအကြောင်းကို ပေါ်ပြခဲ့ပြီ၊ [၂၂] အသင်လည်း ငါ့အားပေါ်ပြပြီ။ အသင်တို့နှစ်ဦးဆိုသည့်အတိုင်း နောင်အခါ၌၊ ထိုသို့ဘုရားသခင် သာသနာကို ချီပင့်အံ့သော၄ါ အသင်အားထုတ်ရန် ကောင်း၏။ မပေါ့လျော့ပါနှင့်' သခင်ရသေ့သည် ထိုသို့ ဘုန်မင်းအား ပြော၍ ရှင်လန်းဝမ်းမြောက်၏။

ဘုရားသခင်သည် သခင်အာနန်အား ဗျာဒိတ်ပေးသော ဗျာဒိတ်သည့်လည်းကောင်း။ သခင်ဂဝံပတိသည် အဖြေလိုလား အပ်၍

[၁] မုန်=သောကြောင့်။ 'မုန်' အစားမိတ္တူမှာကဲ့သို့ 'မ' ဟုဖတ်လျှင် 'စောင့်ရှောက်သော' ဟုအနက်ရ၏။
[၂] ဂံ [၃] ကျွည်



ဘုရားသခင်အား မေးသောမေးခွန်းသည် လည်းကောင်း- ဘုရားသခင်သည် သခင်ဂဝံပတိအားဖြေပြီးလျှင် ဘုန်မင်းထံ ကြွသွား၍အကြောင်းကြားရန် သခင်ဂဝံပတိကို နှိုးဆော်ခြင်းသည်လည်းကောင်း [၃၁] သခင်ဂဝံပတိနှင့် ဘုန်မင်းတို့သည် ဆင်းသက်ကါ သခင် ဗိသျှုရသေ့အား ပြောကြားသောမိန့်ခွန်းသည်လည်း ကောင်း-ဘုရားသခင်သည် သခင်အာနန်အား- ငါ၏သာသနာ တထောင်ခြောက်ရာ နှစ်ဆယ့်ရှစ်နှစ် လွန်လေသောအခါ ဗိသျှုမည်သောသခင်ရသေ့သည် အရိမဒ္ဒန ပူရ်မြို့၌ မင်းဖြစ်၍ ဗြိတြိဘုဝနာဒိတျဓမ္မရာဇ အမည်ကိုခံ၍ ငါ၏သာသနာကို ချီပင့်လတ္တံ့ ဟူသော အမိန့်သည်လည်းကောင်း-ဘုရားသခင်မိန့်တော်မူသော ထိုမင်းကား-ဤမင်းဖြစ်သတည်း။ ဘုန်းကြီးသည် လည်းကောင်း၊ ပညာရှိသည်လည်းကောင်း၊ ပုဏ္ဏားသည် လည်းကောင်း၊ အကြီးအကဲသည်လည်းကောင်း၊ ပြည်သူလောက အပေါင်းသည်ရင်း- သင်တို့အားလုံးသိကြကုန်လော့၊ သင်တို့အားလုံးသိကြကုန်လော့၊ ထိုမင်းကား ဤမင်းတည်း။ သံသယမရှိကြနှင့်-သံသယမရှိကြနှင့်၊- သံသယမရှိကြနှင့်။

# မှန်အဘိဓါန်

(စာလုံးပေါင်းမတူသောယခုခေတ်မှန်ကို ကွင်းစိုင်း၍ပြသည်။ စာလုံးပေါင်း မပြောင်းလဲသော ရှေးမှန်စကားလုံးကို ချန်ထားသည်။)

အတသ် (အတ်ှ) စ[၂၄] - ကျော်စောခြင်း

အန် (အောန်) င[၁၈] - နည်းသော ၊ မဲ့သော

အန္ဂုလ် (လတူ) ဇ[၆] - အထက်

အမ္မှာ (မှောအ်) ခ[၃၈] - အမိ ၊ အမ

အသွှရ် (အသရ်) က[၂၅] - အံ့ဘွယ်သရဲ

အာစ် (အာတ်) စ[၃၃] - အသနားခံသည်

အာယုက် (အယုက်) ဆ[၁၀] - အသက်

အာသ် (အာသန) စ[၃၀] - နေရာ

ဣဓယ်ပုရေယ် (အဲပရဲ) ဃ[၂၀] - ရှိသေသည်

ကွ္ဍိမ် ၊ ကိရ္ဍမ် (က အိ ၊ ကွ္ဍိ) က[၂၀၊၂၇] - ပြုံးခြင်း

ကန္တရ် ၊ ကွ္တ္ဂရ် ၊ ကန္တ္ဂရ် (ထွဲဂိုဝ် ၊ ထွ္ဂိ) က[၈၊၁၈] ခ[၄] - ဖြစ်ပေါ်ခြင်း၊ ထကြွခြင်း၊

ကန္တု (ဂတု ၊ ဂိတု) ဃ[၄၄] - လ

ကန္ဒရ် (ကလဝ်) ဂ[၈] - မယား ၊ ကြင်ဘက်

ကိန်ကန် ၊ ကိင်ကန် ၊ ကိင်ကာလ် (ဂကန်) က[၅၀] ဇ[၃၀၊၃၂] - မှာကြားသည်

ကိန္တာလ်ဇုံင် (ဂတာဇိုင်) က[၂၅] - ခြေဖဝါး

ကိက္ဂုလ် (ဂကူ) ဂ[၂၁] - အမျိုး

ကိဇေ်း (ဂဇော်) ဆ[၂၆] - စိတ်အားထက်သန်ခြင်း

ကိမုံန် ၊ ကျုန် (ကျွဲန်) ဂ[၁၃၊၃၂] - အုပ်စိုးခြင်း ၊ နန်း

ကိလော်ာ း ( ဗ္ဗောဟ် ၊ ထ္တုဂြ်ဟ် ) က[၂၂] – ကူး သည် ၊ ဖြတ် သန်းသည်
ကိဝ်ါသ် ( ကဝေး ၊ ကွး ) ဇ[ဂ] – အခွေ
ကုဇိး ( ဂဇ္ဇ ) ဃ[၂၃] – စိတ်အားထက်သန်သည်
ကုတ (ဂတ) ဆ[၅] – မျက်နှာမူသည်
ကုဝ် (ကိုဝ် ) ဂ[၁၆] – အခါ
ကုံ ( ကို ) ခ[၄၆] – လည်း
ကု ဓိရ် ( ကဓိ ) င[၇] – မိုးသည်
ကုလစ် (ကလ္ဍတ် ) ခ[၂၁] – သူခိုး
ကုသိဝ် ( ကသိ ) ဃ[၃၀] – လှုပ်စေသည်
ကေလ်၊ကိလ် ( ကိုဝ် ) ခ[၃၄-၅] – ပေးသည်
ကောသေရ် ( ဂေါဝ်ဆာ် ၊ ကျောဝ်နိုဟ် ) ဃ[၄၇] – ချောသော၊ လှသော
ကွသ် မ္ဍေအ် ( ကျုဟ်မ္ဍေ ) ဆ[၂] – စက်ဆုပ်သည်
ဗ္ဗောာရ် ( ကတောဝ် ) ဂ[၂၆] – နား
ကျာလ် = တျာလိ ( ကျာ ) က[၂၂] – လေ
ကြာစ် ( ကြာတ် ) ခ[၁၇] – ဆေးကြောသည်
ကြောအ် { ကြော် } င[၁၇] – ဝဖြိုးသော
ကွဝ် ၊ ကန်သဝ် { ကသဝ် } ခ[၅၀] – အကြီးအစည်
ကွမ်ဝ် { ချ[စ] } ဇ[၁၁] – လှုပ်သော
ကေ္ဍး { ချေဟ် } ဂ[၂၀] – မြင်း
ဂဇိုါင် ၊ ဂေါင် { ဂိင် } က[၈] ၊ င[၃၃] – ရဲစွမ်း ရဲရင့်ခြင်း
ဂိင်ဂိည် { ဂငေင် } ဂ[၂၁] – လှည့်လည်သွားလာသည်။ထွက်ကြွသည်
ဂိရ်ဂေါအ် { ဂွံ } င[၂၇] – ရခြင်း
ဂိရ်ဍ္ဍေါး ၊ ဂိုရ်တိန်ဟိရ် { ဂိုလဟို ၊ ဂိုဒဟို } ဂ[၃၃] ဃ[၁၅] – တောက်
ပသည်



ဂုံဉာ်ရ် { ဂမ္ဍိ ၊ ခမ္ဍိ } ဂ[၅၃] – ရပ်ာန်း ။ 'ဉ္ဍိရ်' ရဟာန်းပြုသည်
ဂုရင် ၊ ဂြင် { ဂရင် } က[၅၃] – ဇ[၄၂] – ရှင်းလင်းဖေါ်ပြသည် ။ သိသည်
ဂုံလောင် ၊ ဂ္လေါင် ၊ ဂိလောင် { ဂ္လုင်၊ ဂမ္လိုင် } က[၇] ဃ[၄၇] င[၃၃] – များသော
ဂုလာည် { ဂလာန် } ဃ[၂၄] – ပြောဆိုဆက်ဆံသည်။
ဂေါရ် { ဂေါဝ် } စ[၃၈] – သင့်သော ၊ လှသော
ဂ္ဍသ် { ဂွေဟ် } က[၂၀] – အစွယ် ၊ စွယ်သွား
ဇမ္ဗိုါင် { ဂွံင် } ဂ[၃၀] – ရဲရင့်ခြင်း
ဂြဝ် { ဂြိုဝ် } ခ[၂၀] – တော
ဂုံျသ် { ဂုဟ် } င[၂၄] – အဘိုး
ဍ္ဍွး ၊ စုအး { ဍ္ဍွး } ခ[၁၆၊၄၈] – စင်ကြယ်သော
စနံဟ်ာဝ် { စဏာ } ဆ[၁၁] – အစာ
စာသ် { စဟ် } ဃ[၆] – တဆယ်
စသိင် { စသိုင် } ဃ[၄၇] – ခံစားသည်
ဍ္ဍာင် { သ္ဍာင် } က[၁၀] – သူတပ်ပါး ၊ အခြား
စာသ် { စး } ခ[၂၇] – ဆန်သည်
စိန် { စိုန် } က[၁၁] – ဖြစ်ပြီးကာလံပြ
စိန်စောန် { စလိုင် } ခ[၅၃] – မွှမ်းမံသည်
စိဂြ္ဂုက် ၊ မြုက် { မြ်ာက် ၊ ညြံက် } ဃ[၃၈] စ[၄၁] – ကွယ်ကာသည်
စိင်ဍ္ဍေး { စနေဟ် } ဂ[၁၆၊၂၁] စစ် ၊ စစ်တိုက်သည်
စိဍ္ဍြားတုံစး { စနန်ထမး } ဂ[၃၁] – ထွန်းလင်းတောက်ပသည်၊ ဖေါ်
ပြရှင်းလင်းသည် { စဏ္ဍာထမး? }
စ်မုန် { ကွိုန် } ဂ[၃၅] – တူ
စိရ် စုန် { ဒစုန် ၊ ဂစုန် } ခ[၁၈] – တောင်ဇွေး
စိရ်ဟာယ် { ဆာ် } ဂ[ဂ] – ခမ်းနားခြင်း ၊ စည်းစိမ်

ဇိသ် {ဇိဟ် ၊ ဇေဟ်} က[၅၄]– ဆင်းသက်သည်
ဇုမတ် ၊ ဇိမ်တ် (ဇွတ်) ဂ[၃၈] ဆ[၂၁] – မှန်ကြောင်းဝန်ခံသည် ၊ အမှန်
ဇုရေား (ဇရိုဟ်) င[၈] – သွန်းလောင်းသည်
ဇုံလေားတုဓး { ဇနန်ထဓး } က[၁၁] – ညွှန်ပြသည်၊ထုတ်ဖေါ်သည်
‘ဇိန္တြားတုံး’ ဂူ။
ဇောဝ် { ဇ′ } ဃ[၂]–ပြန်လာသည်
ဇ္ကတ် [ကတ်] ဃ[၄၈]– သင်သည်
ဇ္ဒး [ဇဒုး] ဇ[၁]– ဝေးသော
ဇ္နက် [ဇုံ နက်] ဃ[၄၈]– ပြည့်စုံစွာ
ဇ္ဍိသ် [ဇ္ဍေဟ်] ဂ[၄၄]– မြင်ဆိပ်ကမ်း
ဇ္ဒတ် [ဒ္ဒတ်] က[၄၁] – ဟုတ်သည်၊ မှန်သည်
ဇြိသ် [ဇြိုဟ်] ခ[၃၆]– ရင်ခွင်
ဇြိဟာယ် [ဇြာ] ဃ[၂၈] – သိက်မြုက်ခြင်း၊ ဘုန်းတန်ခိုး ၊ စည်းစိမ်
ဇြုက် ၊ ဇိဇြုက် [ဇြ်က် ၊ ဇြိက်] ဇ[၄၁] ဃ[၃၈] – ကွယ်ကာသည်၊
အရိပ်ခိုသည်
ဇြောက် [ဇြော်] ဂ[၄၄] – လမ်း
ဇြေားပ္တါဝ် [ဇြဟ်ပ္တ′ ၊ ဇြဟ်ပ္က′] ခ[၁၃]– ဆောက်တည်သည်
ဇ္လာက် [သပ္လာ် ၊ လှာ်] င[၇]–ကြေးဝါ
ဇ္လိက် [ဇ္လိက်] င[၇] – ဝက်
ဇ္ဒိန် [သွိုန် ၊ ဇိုန်] က[၅၂]– ကျင့်သည် ၊ ပြည့်စုံသည်
ဆာန် သ္ဒိန် {ဆာန် ကိုန်} က[၈] – ချစ်သည်
ဇိတ် [ ဇိုတ် ] ခ[၃၁] – သုတ်သည်
ဇိ နုံး [ဇွူး ၊ ဇနး] ဂ[၁၇]– အောင်မြင်ခြင်း
ဇိနေ်ာက် ၊ နေ်ာက် [ဇ္နော် ၊ ဇနော်] ခ[၁၀] ဃ[၁၂] –အဂုန်း ၊ ကြီးမားခြင်း



ဇလိ [ ဇလ ] ခ[၂၁]–ဆုးငြင့်
ဇိရ်ဟာန် [ ဇြဟာန် ] ဇ[၇]– ချစ်ခြင်းမေတ္တာ
ဇုင် [ဇိုင်] ဆ[၂၇]– ခြေ
ဇုရာမ် [ဇရာံ ]င[၂၀]–ကျ
ဇ္ဇောအ် [ ဇုံ ] ဇ[၁၇]– တည်တံ့သော
ဇြာယ် [ ဇြာ ] င[၁၇]–ဖိန်ကြုံသော
ဇ္လိင် [ ဇ္လိင် ] င[၂၇]– ရှည်သည်
ဇ္လုယ် [ဇ္လဲ] ခ[၂၅]– သုံ့ပန်း၊ အဖမ်းခံရသူ
ဇ္လောဝ် [ဇ္လ′] င[၇]– နွား
ညာစ် [ညာတ်] က[၁၈]– မြင်သည်
ဍုက်ကေ္ဒး [ဍိုက်ချေဟ်] ဂ[၂၀]–မြင်းစီးသည်
ဍုက် ပိည် [ဍိုက်ပေင်] ခ[၂၄]– ပြည့်စုံသည်
တ [ ဂတ ၊ ကိန္တ ] ဂ[၁၇]– သို့
တလိ [ တလ ၊ တိလ ] ဂ[၃၄] – အရှင်၊ သခင်
တာဝ် [ တ် ] က[၁၅] – နေသည်
တိန်အာရ် [တိုန်အာ] က[၂၁] – တက်သွားသည်
တိန္ဒင် [တောင်]ဂ[၅၂] - တင်းမာသည်
တိန္ဒ [တမံ] ဃ[၃၀] – တယောက်မကျန် ၊ တိုင်း
တိဒြင် [ တရင် ] ခ[၄၃] - တံခါး
တိန် လုမ် [တဏိ] ဃ[၃၇] – နစ်မွမ်းသည်
တိန် လူရ်[သ္ဒောဝ်] ခ[၅၃] – တံခါးကျည်
တိရ်တာဝ် [ဒတ်] ဃ[၁၃] – နေရာ
တိတ္တုယ် [ဒတဲ] ခ[၃၀] - အကျိုးစီးပွါး
တိရ် ဇိလ် ၊ ဇြိ ဇိလ် [တ္ဒိ] ဂ[၁၁] င[၃၁] - အခြွေအရံ၊ခစားသည်

တံဟိန် ကိသ်း (ထိုင်သား) င[၁၃]– ချီးမွမ်းသည်

တိလ်တောလ် [တွောင် ၊ ဒတောင်] င[၂၅] – အဆက်အနွယ်၊ အစဉ်

အလာ

တိလ်ခေါက် [စရဲ] ဃ[၄၆]–ခိုလှုံရာ

တီတ် စုပ် [တိတ်စိုပ်] က[၂၁] – ထွက်ရောက်သည်

တုဍေန် [ထဍိုန်] ခ[၅၀] – နူးညံ့စေသည်

တုတာဝ် [ဒတ်] ဆ[၆] – နေသည်

တုမ် ဝါယ် ဇုံ ဗိန် [တမှ် ဇမိန် ၊ တဍှ်လဗှ်] ဃ[၅၂] – လက်ဆောင်

ပဏ္ဏာ

တုမိ [တမိ] စ[၁၂] – အသစ်ပြုသည်

တုံလာရ် [ဍာ] ဃ[၅] – ရှေးအခါ

တုံဂိင် [တမေင် ၊ တွှေင် ၊ တွို] စ[၁၇]–ဝင်းခြံ ၊ အကန့်အသတ်

တုံဇး [တမး] ဂ[၂၁] – တောက်ပသည်

တုံစာယ် [ထမှ်] င[၂၂]–အိုး

တုလှုင် [တလုင်] ဃ[၆၁] – ပို့သည်

တေယ် [တဲ] ခ[၁၇]–လက်

တ္ဂိန် [ဒဂိန်] ဃ[၅၀] – ထားသည်

တေ္ဂတ် [ဒဂေတ်] ဃ[၄၂] – ကျင့်သည်

တေ္ဂယ် [တ္ဂဲ] ဂ[၂၁] င[၁၁]–နေ၊နေ့

တ္ဍုင် [ကို္ဍင်] ဂ[၁၁] – ထီး

တ္ကက် [က္ကက်] ဂ[၅၀] – သံချောင်း

တ္ကသ် [တ္ကဟ်န ၊ တ္ကန်] ဂ[၂၈]– အလိုငှါ

တ္မုယ် [တ္မဲ] ခ[၁၇]– ပြီးသော

တျာင် [စာင်] င[၄] – ကြက်



တြုသ် [တြို] ခ[၄၁] – ယောက်ျား

တြိုဗိလ် [တ္ဗိ] င[၃၁] – ခစားသည်

တြေဇသ်[တြိဇင်]က[၁၀] – ဂုဏ် အ သရေ

တြေယ် [တြဲ] ဃ[၁၅]– မြတ်သော

ဍ္ဍာရ် ၊ တုံလာရ် [ဍ္ဍာ] ဂ[၄၅]ဃ[၅]–ရှေးအခါ၌

ဍ္ဍုင် [ဍ္ဍုင်] က[၁၈]– လာသည်

တ္ဂာင် [က္ဂာင်] ခ[၃၄]– မုံ့

တွောသ်[တွံ ၊ တွဟ်] ဆ[၂၀]– ဟောပြောသည်

တ္ဂလ် [ထစး] င[၃၇]–တည်တံ့စေသည်

ထိန် က္မး [ထိုင်သား] ဂ[၄၅] – ချီးမွမ်းသည်

ထိဍ္ဍဲယ်ဗိဟ်ံ [ထဍ္ဍဲ ဗ္ဗံ] င[၁၄]– ညဉ့်လယ် ၊သန်းခေါင်

ဒိန်ငလ် [ဒငေါ်ဝ်] ဂ[၆] – မှန်

ဒိန္ဒရ် [ဒလဝ်] ဂ[၁၁]–ထီးဆောင်းသည်

ဒိန္ဒုဗိန္ဒောန် [ဒလေဝ်ံဗ္ဒောန်] ခ[၄၈]–သွန်သင်သည်

ဒိရ်ဒသ် {ဒဒ္ဒ ၊ တဒ္ဒ} က[၁၂]– ဖြစ်ခြင်း ၊ တည်ခြင်း

ဒိပ်ဟ်တ် [ဖြဟတ် ၊ ဖြဟတ်] ခ[၂၆] – ခွန်အား ၊ စွမ်းအင်

ဒီလာင် [ဒလိုက်ဒလာင်] စ[၂] – နှိပ်စက်ခြင်း

ဒိသ် {ဒိုဟ်} က[၂၃]– အရပ်မျက်နှာ

ဒုကုပ် [ဒကိုပ်] ဆ[၃၁]– အကြီးအကဲ

ဒုမောင် [ဒ္ဒံင်] စ[၃၀]– တင်သည်

ဒုံပေါ်း [ထပ၀်] ဂ[၈]– ခုနှစ်

ဒုံဟိစ် [ထမိက် ၊ ထို္မက်] ခ[၄၇] – ကောင်းမှု

ဒုသီလ် [ဒုသ္သိ ၊ ဒုဟ်သိ] ခ[၁၃] – အကျင့်ဆိုး

ဒူင် [ဒုင်] ဃ[၄၅]– ခံစားသည်

ဒေပတာဝ်[ ဒေဝတ ] ခ[၅]– နတ်
ဒ္ဒါတ် [ဒညာတ် ] င[၁၈] – ဆွေမျိုး
ဒ္ဒျက် [ဒိုက်] ဃ[၄၇]– ဆင်းရဲသော
ဍ္ဍောင် ၊ ဒုမောင် [ဍ္ဍိုင်] ဂ[၁၂] စ[၃၀] – နေသည် ၊ တင်သည်
ဍ္ဍုံ [ဍုံ] ဂ[၃၀]– ကြုတ် ၊ တိုက်
နောမ် [နွံ ၊ နွမ် ] က[၅] – ရှိသည်
နောရ် [ နူ ]က[၇] – ထက် ၊ မှ
ပအာရ် [ပ္ဍါ ]ဆ[၁၈]– ကျင့်သည်
ဗိရ်နိက် [ပ္ဂိတ် ၊ ပဏိက် ] င[၈] – ယပ်
ဗိဟာရ် – ခ[၅၁] – ပြောဆိုသည်
ပုက်ကေလ် [ပံက်ကိုဝ် ] ဂ[၂၈] – ဖွင့်သည်
ပုန် [ ပိုန် ]ဂ[၄၅] — ကောင်းမှု
ပုန်အာရ် ၊ ပုအ္ဍာရ် [ပ္ဍါ] ခ[၂၈] ဂ[၃၃]– ထွက်မြောက်ခြင်း၊ သွားလာ
ခြင်း၊အကျင့်
ပုန္နုက်ပုံဗိည် [ ဒိုက်ပေင် ၊ ရနုက်ဗ္ဗေင်] ဃ[၃]–ပြည့်စုံသည်
ပုန်ယူက် ပုမသ် [ပယိုက်ပူမှ်] စ[၅]– ထကြွစေသည် ၊ မြင့်သည်
ပုခြိုသ် [ပြိုဟ်၊ပရဟ်] ဂ[၂၀]– အလျှင်အမြန်
ပုန်လူက် [ပ္ဍုက် ၊ ပဏုက်] ဂ[၃၇]– ဖုံးအုပ်သည်
ပုဗိည် [ပေင်၊ ဗပေင် ] င[၂၀]– ဖြည့်သည်
ပုမင် [ပမင် ] စ[၂၁]–စောင့်ရှောက်သည်
ပုမတ် [ပ္ဂတ်] ဂ[၃] – ဗိုး
ပုမိစ် [ပ္ဂိက်] ခ[၂၂]– အလိုဆန္ဒ
ပုံရေယ် [ ပြဲ ] က[၁၀] – မွန်မြတ်သည်
ပုဗိည် [ပဝေင်] င[၅]–ကစားခြင်း



ပ္ကင်ရင် [ ပကာင်ရင် ] ဂ[၂၄] ဇ[၈]– ဝတ်ဆင်သည် ၊ ကိုင်သည်
ပ္ကါဝ် [ပ္ကံ ၊ ပက် ၊ က်]ဂ[၁]– ပန်း
ပ္စုက် [ ပ္စိုက် ] ဃ[၄၀]– တင်သည်
ပ္ညမ် [ပ္ညံ] င[၂၀]– စိုက်ပျိုးသည်
ပ္တိသ် [ပ္တိုဟ်] ဃ[၄၈]– မို
ပ္စါည် [ပ္စာန်] ဂ[၁၇]– စစ်တပ်
ပျု [ဗျု] ဃ[၅၀]–အိုသော ၊ လူအို
ပြသ် ၊ ပုခြိုသ် [ပြိုဟ်၊ ပရဟ်] ခ[၂၃] ဂ[၂၀]– အလျှင်အမြန်
ပြာထနာ [ပတ္ထဏာ] ဃ[၁၈]– ဆုတောင်းသည်
ပြေယ် ၊ ပုံရေယ် [ပြဲ] က[၃၊၁၀]–မွန်မြတ်သည်
ပ္လိည် [ပ္လုိင် ၊ ပ္လေင်} ခ[၁၅]– ဖျက်သည်
ဖါရ်– ဃ[၄၇]– အလွန်
ဗတြ [ ဗိုတ် ] ခ[၁၈] – ဗိန်
ဗိခြု [ဗရှု] င[၁၂]–အသံ
ဗိဖေါယ် [ဗဗွဲ] စ[၁၃]– အတိုင်း ၊အညီ
ဗိရ်သေယ် ၊ ဗိသေိယ် [ ပသဲ ] ခ[၁၂] ဂ[၅၀] – သံ
ဗိဟာရ် [ ဘာ ] ဃ[၁] – ဘုန်းကြီးကျောင်း
ဗုံတာင် [ဗ္တာင်] ဂ[၁၁] – ဖြူသော
ဗုံနး [ ဗမွး] ဆ[၁၇]– ပုဏ္ဏား
ဗုံရှက် ၊ ဗုရျက် [ပရိုက် ၊ ပြိုက် ]ခ[၂၄] င[၃၅]–နှိပ်စက်သည်၊ဖျက်ဆီးသည်
ဗုံဟောက် [ဗဟောက် ? ] စ[၂]– ကြောက်ရွံ့ခြင်း၊
ဗေး[ မှာ ] က[၄၂] – သင်
ဗောယ် သ္ဒရ် {ဗွဲသ္ဒဝ်} က[၂၂]– အောက်ဘက်သို့
ဗွး {ပ္ဂး} ခ[၄၈]– သင်

ဗျာပါရ် {ဗျာပရ} က[၄၅]– လုံ့လထုတ်ခြင်း
မြေယ်ဂုရ် {မြိဂူ} င[၁]– မိုးရွာသည်
မြောဝ် {မြဲ} ဂ[၃၂]–မိန်းမ
ဘောယ် {ဘဲ} င[၂၇]– ဘေးအန္တရာယ်
မကားမောယ်ပြကါရ် {မကာခွဲပြကာ} ဂ[၁၀]–တမျိုးမကသော
မင်မေယ် {မင်ခွဲ} ခ[၃၇]– စောင့်ထိန်းသည်
မတ်မြေယ် {မတ်မြဲ} ဂ[၂၁] – မိုးတိမ်
မမိုရ် {မြမောဝ်} က[၁၈]–တိုးတက်ခြင်း
မမိလ် {မြမောဝ်} ခ[၁၄]– အမွေးအကြိုင်
မသိ {မသ} ခ[၁၃]– အနံ့အစော်
မလိ {မောဝ်} င[၁၀]–မွှေးကြိုင်သည်
မဟာဇန် {မှာဇန်} ခ[၃၈]– ပြည်သူအပေါင်း
မဟာသမုဒြ {မှာသမ္ဒတ်} ဃ[၃၉]– မဟာသမုဒ္ဒရာ
မိစ် {မိက်} ဃ[၁၃]–လိုသည်
မိဂုံး၊ မ္ဂုုး {မ္ဂိုဟ်၊ မခေါဟ်} ခ[၁၁၊၃၈]–မာကျောခြင်း
မိမိလ် {မြမောဝ်} ဂ[၈]–အမွှေးအကြိုင်
မုကုဋ် {မွှောအ်ကိုတ်} ဂ[၂၄]–မကိုဋ်
မုန်မရ် {မြမောဝ်} ခ[၂၇]--တိုးတက်ခြင်း
မုလေး၊ မောယ်လေး၊မ္လေး {မွဲလေဟ်} ခ[၁၁၊၃]ဆ[၈]–တခါတည်း
မောအ်၊ မု {မူ} က[၁၃၊၂၇]–မည်သည့်၊အဘယ်
မ္ဂုုး {မ္ဂိုဟ်၊ မခေါဟိ} ခ[၃၈]– မာကျောခြင်း၊
မ္ဂး {မ္ဂိုဟ်} ခ[၂၅]–လူ
မ္လိရ် {မ္လိဝ်} ဂ[၈]– စမ္ပါယ်
ယိရ် ယာသ် {လယး} က[၅]– အလင်း၊ အရောင်



ယိယိုက် {ယိုက်} ခ[၂၆]–ခွန်အား၊ တန်ခိုး
ယိလ် {ယိုဝ်} က[၂၅]–ဦးထိပ်ရွက်သည်
ယုတ်သုံစုင် {ယိုက်သ္ဒဝ်ပ်} က[၂၆]– လက်အုပ်ချီသည်
ယောဝ် {ယဲ} ဂ[၃၅]– ယောက်ဖ
ရင်သ္လောအ် {ရင်သ္ကုံ} ဂ[၃၆]– အချင်းချင်း
ရစ် –ဂ[၄၄]–လမ်းမ
ရသ် {ရဟ်၊ ရှ်} ဆ[၁၃] – အရသာ
ရာသ် {ရး} ခ[၂၀] – နိုင်ငံ
ရိန်အုတ် {လအိတ်} ဃ[၃၆]– အဆုံး
ရိန္ဒုုက်ပိရ်ပိည် {ရနက်ပ္ဒေင်} ဂ[၄၁]– အပြည့်အစုံ
ရိန်လိည် {လလေင်} င[၂၈]– အပြစ် ၊ ပျက်စီးခြင်း
ရိအ်ာစ် {အာတ်} စ[၃၈]– အသနားခံချက်၊'အာစ်' ရှု။
ရိသိ {ရသိ၊ ရိသိ} ခ[၈]– ရသေ့
ရုမိန်၊ ရှိုန် {ဗိုန်၊ ထဗိုန်} ဂ[၅၁]ဃ[၃၀]–ခိုင်မာသည်၊ ခိုင်မာအောင်ပြုသည်
ရုံလောသ်၊ ရှောသ် {လောဟ်} ခ[၂၈] ဂ[၃၃]– ချစ်သူ
ရုံဇတ် {ရမတ်၊ မြမတ်} ခ[၂၈]–မျက်ရည်
ရွှေား {သွ္ဂိ} ဂ[၅၀]– ပူလောင်သော
ရှူး {ဗြိုဟ်} ဇ[၁၃]– နက်နဲသော
ဂ္ဂိန် {ဗိုန်၊ ထဗိုန်} ဃ[၃၀]– ခိုင်မါသည်
ဂ္ဂိုင် {ဗိုင်} က[၄၈] ဃ[၄၄]– ကြွားသည်၊ နားထောင်သည်
ရှောသ် {လောဟ်} ဂ[၃၃]– ချစ်သူ
ရွှသ်-င[၃၃]– တယောက်မကျန်
လာမိ {ဂမီ၊ လမီ} င[၂၃]– စလောင်း

လာရ်{လ၆်} က[၁၂]- လေ {နိပါတ}
လိည် {ခလင် ၊ လို} ဃ[၆] – ပျက်စီးသည်
လိန်လသ် { လနဟ် ၊ လန် } င[၁၇]–ပျင်းရိသော
လုံ ဓရ် {လမောဝ် ၊ လမဝ် } ဓ[၁၈]– အပြောက် ၊ ရွက်နု
လုံဓာစ်{လမာတ်} င[၁၅]–ဖိုးသူတော်
လုံဇျေး{လွှဟ် ၊ လျှဟ် ၊ လဇောဟ် ၊ လဇိုဟ် ၊ လွှိုဟ်}စ[၁၇]– ချေမ်းခြင်း
လွှောရ်{လွှောဝ်} က[၂၅] – ရှိခိုးသည်
လွှုတ် {လွှုတ် ၊ ဝှဟ် } ဂ[၇]– အပျို
ဝရ် {ဝရ} စ[၂၈]–ဆု
ဝေရ် ဝေယ်{ ဝိဝ် }ဆ[၆၂]– ရန်သူ
သချေး { သလေဟ် }ဇ[၆၄]– သံသယ
သခြင် { သရင် }က[၆၅]– အမှု
သဘာဝ် { သဘ် } ဆ[၂၀] –သဘော
သဂေါ်အ် ၊ သ္ကောအ် { သ္ကအ် ၊ သ္ကံ ၊ သကအ် } ဃ[၂၄] စ[၄၀] – အစည်း
အဝေး
သိဓ္ဍာရ် { သမောဝ် } ခ[၄၀]– နှပ်ရည်
သိဋ္ဌေမ် { ဋ္ဌေမ် ၊ သဓောမ် ၊ သနေမ် } ဃ[၆၈]– လက်သည်း
သိပုံင် {သပိုင်} ဂ[၂၆]– ပုဆိုး၊ သင်းပိုင်
သိသိုက် { တသိုက် } ဂ[၂၈]–ချမ်းသာ
သိသုဂီး၊ သိသ္ဂိုး { ဂဂို၊သ္ဂို } င[၈ ၊ ၂၂] ချမ်းသာသည်
သုက်{သိုက်}ဆ[၀၂]– ချမ်းသာ
သုပရ် {သပဝ်}ဂ[၂၇]–ဂဠုန်
သုမောဟ် {သ္မဟ်} က[၁၀]– တူသော ၊ ညီသော
သုံဒိုင် {သမ္ဗိုင် ၊ သိုင်}စ[၆၂] – အရိပ်



သုံတုံ {သ္တိုမ်} ခ[၂၂]–ထူသော
သုံမာည် {သ္မာန်} ဇ[၂၇]–အမေး
သုံလုင် {သ္လုင် ၊ သလိုင်} စ[၄၀]– မြင့်သော
သုံဝတ် {သမတ်} ဃ[၄၈]–ငယ်သော ၊ သူငယ်
သုံစုပ် {သ္မိုပ်}က[၂၈]–လက်အုပ်
သေား {သဟ် ၊ သှ်} ဇ[၂၈]–အဖြေ ၊ ဖြေသည်
သ္ကောအ် { သ္ကအ် ၊ သ္ကံ ၊ သကအ်}စ[၃၁]–အစည်းအဝေး
သ္ကုတ် { သ္ကုတ် ၊ သ္ကုတ် }စ[၂၆]– ပြတ်စဲသည်
သ္ဂိုင် {သ္ဂိုင်}ဃ[၆၇]– ခက်သော ၊ ရခဲသော
သ္ဂိုက်မှိုက် {သ္ဂိုက်မှိုက်}ဆ[၄၈]–နှစ်သက်သည်
သ္ဍုက် {ကြက်} က[၁၈]– ဖြစ်လတ္တံ့ကာလပြ
သ္ဍုက်ထ္လုင်{ကြက်ဍ္လုင်}က[၁၈]– နောင်ဖြစ်မည်အကြောင်း
သ္မရ်{သ္မဝ်} က[၂၂]-အောက်ဘက်သို့
သ္မာည်၊ သုံမာည် {သ္မာန် }က[၂၈] ဇ[၂၇]–မေးသည် ၊ အမေး
သ္မေား{သ္မဟ်} ခ[၄၈]– တူသော ၊ ညီသော
သျောအ်{သွံ} င[၂၂]– ရောင်းသည်
သြည် {သြန်} င[၅]– ငွေ
သြောအ် {သြံ} င[၁]- စပါး
သြှုင်ထိစ်{သှုင်သိုက်} ဃ[၁၈]–မွေ့လျော်သည်
သွရ် {သွဝ်}ဆ[၈၀]–ကောင်းကင်ဘုံ
သွသ်{သွဟ်} ဂ[၆၄]–ချမ်းသာ
ဟသ္ဍုင်{ဟဝ်ဍ္ဍိုင်} ဆ[၂၄]–ဝံလို ၊ ဟင်္သာလိင်ငှက်ဆင်



ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ

## ပြည်ထောင်စုယဉ်ကျေးမှုဌာန

မွန်ယဉ်ကျေးမှုဌာနစိတ်

မှ

ပုံနှိပ်ဖြန့်ချိသည်

# ရွှေစည်းခုံမွန်ကျောက်စာ

မြန်ဆိုတည်းဖြတ်သူ

ပါမောက္ခဒေါက်တာဖေမောင်တင်

---

( မွန်ကျောက်စာ မူရင်းနှင့် မြန်မာဘာသာပြန် )

ပဌမနှိပ်ခြင်း ၁၉၅၆။

ဒုတိယနှိပ်ခြင်း ၁၉၆၅။